# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# နဝမနေ့အစီအစဉ်

# ( ၁၇ – ၆ –၂၀၂၆ ) ( ဗုဒ္ဓဟူးနေ့) နံနက် ၁၀:၀၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေးမတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်း၊

၅။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးသက်ပုံ၊ စစ်ကိုင်းမဲဆန္ဒနယ်၏ **စစ်ကိုင်းမြို့တွင် နိုင်ငံတော်၏ကြီးကြပ်မှုဖြင့် ကျောက်မျက်ရတနာဈေးတစ်ခု တရားဝင်ပြန်လည်ဖွင့်လှစ်ပေးနိုင်ခြင်း အစီအစဉ် ရှိ၊ မရှိ**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဦးသိန်းပို၊ ညောင်ဦးမဲဆန္ဒနယ်၏ **ညောင်ဦးမြို့နယ်၊ တောင်ဇင်းကျေးရွာ အုပ်စုရှိ တိမ်ကောလာနေသည့် ကမ္ဘကန်တော်ကြီးအား ပြန်လည်တူးဖော် ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဒေါ်ဥမ္မာမိုဗို့ဇော်၊ သဲကုန်းမဲဆန္ဒနယ်၏ **သဲကုန်းမြို့နယ်အတွင်းရှိ အင်းမအင်း ဧရိယာ (၆.၅) စတုရန်းမိုင် တိမ်ကောနေမှုအား တူးဖော်ပေးနိုင်ခြင်း အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဒေါ်ခင်နီနီအောင်၊ ကော့ကရိတ်မဲဆန္ဒနယ်၏ **ကော့ကရိတ်မြို့အဝင် လမ်းမကြီးဘေး State Land သတ်မှတ်မြေနေရာဖြစ်သည့် စည်ပင်ရုံးရှေ့ မျက်နှာချင်းဆိုင်လမ်းရှိ မြေကွက်လပ်ပေါ်တွင် ဌာနဆိုင်ရာစုပေါင်းရုံးနှင့် တွဲလျက် ဝန်ထမ်းအိမ်ရာပါ အဆောက်အဦအား ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(င) စိုင်းထွန်းစံ(ခ)စိုင်းဆေဟန်၊ လင်းခေးမဲဆန္ဒနယ်၏ **လင်းခေးမြို့မှ ဝမ်စစ် ကျေးရွာအုပ်စုသို့ ဆက်သွယ်ထားသည့် လမ်းပိုင်းအနက် စံချိန်စံညွှန်း မပြည့်မီသည့် ကွန်ကရစ်လမ်း (၁၁)မိုင်အား မည်သည့်ဘဏ္ဍာနှစ်တွင် အပြီးသတ် ဆောင်ရွက်ပေးနိုင်မည်ကို သိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(စ) ဦးစိုင်းလောင်း၊ မိုင်းပျဉ်းမဲဆန္ဒနယ်၏ **မိုင်းပျဉ်းမြို့နယ်၊ မိုင်းပုအွန် – မိုင်းရဲန် ကျေးလက်ကုန်ထုတ်လမ်းအား ပြန်လည်ပြုပြင်အဆင့်မြှင့်တင် ပေးရန် အစီအစဉ် ရှိ၊ မရှိ**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဆ) ဦးစိုင်းဝန်းဆမ်၊ မိုင်းခတ်မဲဆန္ဒနယ်၏ **မိုင်းခတ် – မိုင်းညောင်း လမ်းပေါ်ရှိ အတက်အဆင်း မတ်စောက်သည့်နေရာများတွင် ကွန်ကရစ်ခင်းပေးရန် အစီအစဉ်ရှိ၊ မရှိ**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဇ) ဦးစိုင်းအောင်ခမ်း၊ မိုင်းယောင်းမဲဆန္ဒနယ်၏ **ဝမ်ဘိုး – ဝမ်မန်း ကျေးရွာ အုပ်စုချင်းဆက်လမ်းပေါ်ရှိ ရေတိုက်စား၍ပျက်စီးသွားခဲ့သည့် ဝမ်ဘိုး တံတားအား အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဈ) ဦးစိုင်းစိန်ဝင်း၊ လဲချားမဲဆန္ဒနယ်၏ **ဝမ်ဆန်းကျေးရွာအုပ်စု၊ ဝမ်ဆန်း ကျေးရွာနှင့် ဝမ်ဟိုင့်ကျေးရွာအုပ်စု၊ ဝမ်ယိန်းကျေးရွာအုပ်စုများသည် ယနေ့ထိ လျှပ်စစ်မီးမရရှိသေးပါသဖြင့် လျှပ်စစ်မီးတိုးချဲ့ဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ၊ မရှိ၊ အစီအစဉ်မရှိပါက ဦးစားပေးအစီအစဉ်ဖြင့် ထည့်သွင်း ပေးပါရန် သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ည) ဦးစိုးကျော်နိုင်၊ ကျွန်းလှမဲဆန္ဒနယ် **ကျွန်းလှမြို့နှင့် ကန့်ဘလူမြို့အပါအဝင် ၎င်းမြို့နယ်များအတွင်းရှိ ကျေးရွာများမှပြည်သူများ လျှပ်စစ်မီးမရရှိမှုကြောင့် ကြုံတွေ့နေရသော အခက်အခဲများကို လျင်မြန်စွာဖြေရှင်းဆောင်ရွက် ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဠ) ဦးမျိုး(ခ)ဦးမျိုးအောင်၊ ပြည်မဲဆန္ဒနယ်၏ **ပြည်မြို့နယ်၊ ရပ်ကွက်/ ကျေးရွာအုပ်စုများရှိ ခေတ်ကာလနှင့်ကိုက်ညီမှုမရှိသော လျှပ်စစ်ဓာတ်အားပေးလိုင်း၊ ကြေးကြိုးများအား (TWO COVER)ရှိသော ကြိုးသစ်များဖြင့် မည်သည့်အချိန်တွင် အသစ်လဲလှယ်တပ်ဆင်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဋ) ဦးတင်ထွန်းလွင်၊ ကလေးဝမဲဆန္ဒနယ်၏ **ညောင်ပင်ကြီး– ဂန့်ဂေါ– ကလေးမဟာဓာတ်အားလိုင်းမှတစ်ဆင့် ကလေးဝ– မော်လိုက်အထိ ရရှိနေသော လျှပ်စစ်ဓာတ်အားများ ဖျက်ဆီးခံရ၍ ပြတ်တောက်လျက်ရှိပါသည်။ ဓာတ်အားလိုင်းပြုပြင်ရေးနှင့် မဟာဓာတ်အားလိုင်း ပြန်လည်တပ်ဆင်နိုင်ရေးကို ဦးစားပေးစီစဉ်ဆောင်ရွက်နိုင်ရေး ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဌ) ဦးလှဆွေ၊ ပုဗ္ဗသီရိမဲဆန္ဒနယ်၏ **တပ်ကုန်းမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားရရှိရန် ကျန်ရှိနေသောကျေးရွာ(၂၄)ရွာကို 5 Year Plan ၏ လျာထားချက်အတိုင်း ၃၃ကေဗွီဓာတ်အားလိုင်း (၁၉)မိုင်ခန့်နှင့် ၅အမ်ဗွီအေ ဓာတ်အားခွဲရုံ (၁)ရုံအား ကရင်ချောင်းကျေးရွာတွင်တည်ဆောက်ခြင်း၊ (၁၁)ကေဗွီဓာတ်အားလိုင်း (၆၂.၉၈)မိုင် တည်ဆောက်ခြင်းနှင့် ၁၁/၀.၄ ကေဗွီ (၄၁၆၀) ကေဗွီအေ တည်ဆောက်ခြင်းလုပ်ငန်းများအား ရေတို၊ ရေရှည်အစီအမံများချမှတ်၍ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင် ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကိုလည်းကောင်း၊ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီအစည်းအဝေးများကိုလည်းကောင်း ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဖွဲ့စည်းကြောင်း ကြေညာခြင်း၊

၈။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပို့ဆောင်ဆက်သွယ်ရေး၊ ဒီဂျစ်တယ်နှင့် သိပ္ပံနည်းပညာကော်မတီတွင်ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကိုလည်းကောင်း၊ ပို့ဆောင်ဆက်သွယ်ရေး၊ ဒီဂျစ်တယ်နှင့် သိပ္ပံနည်းပညာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီအစည်းအဝေးများကိုလည်းကောင်း ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် ပို့ဆောင်ဆက်သွယ်ရေး၊ ဒီဂျစ်တယ်နှင့် သိပ္ပံနည်းပညာကော်မတီဖွဲ့စည်းကြောင်း ကြေညာခြင်း၊

၉။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာကော်မတီတွင် ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကိုလည်းကောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီအစည်းအဝေးများကိုလည်းကောင်း ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာကော်မတီဖွဲ့စည်းကြောင်း ကြေညာခြင်း၊

၁၀။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒသမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။